



# United Kingdom နိုင်ငံဆိုင်ရာအချက်အလက်များ








## UNITED KINGDOM နိုင်ငံဆိုင်ရာ အချက်အလက်များ

၁။ ဗြိတိသျှကျွန်းစုအား ပူးပေါင်းထားသောနိုင်ငံဖြစ်သည့် ဗြိတိသျှကျွန်းသည် ကမ္ဘာပေါ်တွင် အရေးပါဆုံးသောကျွန်းစုဖြစ်သည်။ တစ်ချိန်က နေမဝင်အင်ပါယာကြီးကို ထိန်းချုပ်ခဲ့သည့် ကျွန်းစုကြီးဖြစ်သည်။ ယူနိုက်တက်ကင်းဒမ်းအား အင်္ဂလန်၊ ဝေးလ်စ်၊ စကော့တလန်၊ မြောက်အိုင်ယာလန်တို့နှင့်စုစည်းထားသည်။ ယူကေနှင့် ကုန်းမြေနယ်နိမိတ်ချင်း ထိစပ်နေသော တစ်ခုတည်းသောနိုင်ငံမှာ အိုင်ယာလန်သမ္မတနိုင်ငံဖြစ်သည်။ ယူကေနိုင်ငံအား အတ္တလန္တိတ်သမုဒ္ဒရာက ဝန်းရံထားပြီး တောင်ဘက်တွင် ပြင်သစ်နိုင်ငံနှင့် အင်္ဂလိပ်ရေလက်ကြားဖြင့်ပိုင်းခြားထားသည်။ ဥရောပတိုက်တွင် ၁၁ နိုင်ငံမြောက် အကြီးဆုံးနိုင်ငံဖြစ်သည်။ ယူနိုက်တက်ကင်းဒမ်း ဟူသော အမည်ကို ၁၈၀၂ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့တွင် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။



**သမိုင်းကြောင်း**

၂။ ဂရိတ်ဗြိတိန်ဟူသောအမည်ကို အန်းဘုရင်မလက်ထက် ၁၇၀၇ ခုနှစ်တွင် အင်္ဂလန်ပြည်နှင့်စကော့တလန်ပြည် ပူးပေါင်းရေးအက်ဥပဒေပြဋ္ဌာန်းပြီးသည်မှစ၍ ထိုအမည်ကို အသုံးပြုခဲ့သည်။ ဝေးလ်စ်ပြည်မှာ ပထမအက်ဒွပ်လက်ထက်ကပင်လျှင် အင်္ဂလန်ပြည်တွင်းသို့ သိမ်းသွင်းခြင်းခံရပြီးဖြစ်ရာ စင်စစ်ဂရိတ်ဗြိတိန်မှာ ပူးပေါင်းထားသော ဝေးလ်စ်ပြည်၊ အင်္ဂလန်ပြည်နှင့်စကော့တလန်ပြည်တို့၏အမည်ဖြစ်လေသည်။

၃။ အန်းဘုရင်မသည် ၁၇၁၄ ခုနှစ်တွင် ကွယ်လွန်ခဲ့လေရာ နန်းလျာမကျန်ခဲ့ချေ။ အန်းဘုရင်မ၏အရိုက်အရာကို ပထမဂျိမ်းဘုရင်၏ သမီးတော်အငယ် အဲလစ်ဇဘက်မင်းသမီးမှ ဆင်းသက်ခဲ့သော ဟမ်နိုဗာမြို့စား ဂျာမန်မင်းသားပထမဂျော့ချ်က ဆက်ခံခဲ့သည်။ ပထမဂျော့ချ်ဘုရင်နန်းတက်သောအချိန်တွင် ပါလီမန်မှာ နိုင်ငံတွင်း၌အရေးအပါဆုံးအဓိကအင်အားစု အနေအထားဖြစ်ခဲ့သည်။ ထို့ပြင် ပထမဂျော့ချ်သည် အင်္ဂလိပ်စကားမတတ်သည့်အပြင် အင်္ဂလန်ပြည်၏ အရေးကိစ္စများတွင်လည်း စိတ်ပါဝင်စားလှခြင်းမရှိချေ။ ပါလီမန်ကို ကြီးစိုးနေသော ဝှစ်ပါတီနှင့်သာ လွှဲထားခဲ့သည်။ ဒုတိယဂျော့ချ်လက်ထက်တွင်လည်း ထိုကဲ့သို့ပင်ဖြစ်ခဲ့ရာ နိုင်ငံ၏တာဝန်မှာ ဝန်ကြီးများနှင့် ပါလီမန်၏တာဝန်အဖြစ် ရောက်ရှိလာခဲ့ပါသည်။ ထိုဝန်ကြီးများ၏အစည်းအဝေးတွင် ဘုရင်များသည် သဘာပတိအဖြစ်ဆောင်ရွက်ခဲ့လေသည်။ ထိုအခါ ဝှစ်ပါတီတွင် ခေါင်းဆောင်ဖြစ်သူ ဆာရောဗတ်ဝါလပိုသည် ထိုသို့ဘုရင့်ကိုယ်စား ဆောင်ရွက်ရာမှ နောင်အခါတွင် ဝန်ကြီးများ၏အကြီးအမှူး၊ တစ်နည်းဆိုသော် ဝန်ကြီးချုပ်ဖြစ်လာသည်။

၄။ သို့ဖြင့် ဂရိတ်ဗြိတိန်ကို ပါလီမန်အတွင်းရှိ အမတ်အများစုက အုပ်ချုပ်သည့်အစဉ်အလာ ပေါ်ပေါက်ခဲ့လေသည်။ ၁၇၂၁ ခုနှစ်မှ ၁၇၄၂ ခုနှစ်အထိ ဝါလပိုသည် အင်္ဂလန်ပြည်ကို ဦးဆောင်အုပ်ချုပ်ခဲ့သည်။ ဝါလပိုလက်ထက်တွင် လာဘ်ပေးလာဘ်ယူမှုများကြောင့် နာမည်ပျက်ခဲ့သော်လည်း သူ၏ဝါဒများမှာ တိုင်းပြည်အတွက် များစွာအကျိုးရှိခဲ့လေသည်။ ယင်းသည် ပါလီမန်အား ယခင်ကထက်တန်ခိုးကြီးထွားလာအောင် ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းပြည်ပငြိမ်းချမ်းမှုကို လိုလားခဲ့သည်။ သို့ဖြစ်၍ အင်္ဂလန်ပြည်သည် ဥရောပတိုက် စစ်ပွဲများတွင် မပါဝင်ဘဲ နေနိုင်သမျှ

နေနိုင်အောင် ကြိုးပမ်းခဲ့သည်။ ထိုသို့ကြိုးပမ်းခဲ့သည်မှာ တစ်နည်းအားဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတိုးတက်ဖွံ့ဖြိုးစေရန်အတွက်ဖြစ်လေသည်။ ဝါလပိုသည် ငြိမ်းချမ်းမှုကိုလိုလားသူဖြစ်သော်လည်း ၁၇၃၉ ခုနှစ်တွင် စပိန်ပြည်နှင့်မတတ်သာဘဲ စစ်တိုက်ခဲ့ရလေသည်။ သို့ဖြစ်၍ ၎င်းသည် ၁၇၄၂ ခုနှစ်တွင် ရာထူးမှနုတ်ထွက်လိုက်လေသည်။

၅။ ပြင်သစ်တော်လှန်ရေးသည် ၁၇၈၉ ခုနှစ်တွင် စတင်ဖြစ်ပွားရာမှ တစ်ကမ္ဘာလုံးအပေါ် သက်ရောက်သော တော်လှန်ရေးကြီးဖြစ်လာသည်။ ထိုစဉ်က အင်္ဂလိပ်ဝန်ကြီးချုပ်မှာ ဝီလျံပစ် ဖြစ်သည်။ ၁၇၈၄ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်စချိန်က အသက် ၂၅ နှစ်မျှသာရှိသေးသည်။ တော်လှန်ရေးကြီးပေါ်ပေါက်စ ပထမလေးနှစ်အတွင်း ဗြိတိန်သည် အမှုမဲ့အမှတ်မဲ့နေခဲ့သော်လည်း ပြင်သစ်တို့သည် ၎င်းတို့၏ဘုရင်လူဝီ ၁၆ ကို အဆုံးစီရင်ကာ ဘဲလ်ဂျီယမ်နယ်မြေကို သိမ်းယူခဲ့ပြီး နောက်ပိုင်းတွင် ဗြိတိန်သည် လက်ပိုက်ကြည့်မနေသာတော့ဘဲ အခြားဥရောပနိုင်ငံများကိုခေါင်းဆောင်ကာ ၁၈၁၇ ခုနှစ်အထိ ပြင်သစ်တို့ကိုတိုက်ခိုက်ခဲ့လေသည်။ ဗြိတိန်သည် စစ်ထဲဝင်၍ ပါရသော်လည်း ကြည်းတပ်ထက် ရေတပ်ကို ပိုမိုအားထားကာတိုက်ခိုက်ခဲ့ရသည်။

၆။ ရေကြောင်းတွင် အင်္ဂလိပ်တို့သည် ပြင်သစ်တို့အပေါ် အရေးသာခဲ့သည်။ အထင်ရှားဆုံးသောဗြိတိသျှတို့၏ ရေတပ်အောင်ပွဲမှာ ၁၈၀၅ ခုနှစ်တွင်ဖြစ်ပွားသော ထရာဖဲလဂါတိုက်ပွဲကြီးဖြစ်၍ ထိုတိုက်ပွဲတွင် ရေကြောင်းဗိုလ်ချုပ်ကြီး နယ်လဆင်က ပြင်သစ်ရေတပ်ကို အောင်မြင်ခဲ့လေသည်။ နောက်ဆုံးတွင် မဟာမိတ်တပ်များသည် နပိုလီယန်၏တပ်များကို ၁၈၁၅ ခုနှစ် ဝါးတားလူးတိုက်ပွဲတွင် အနိုင်ရလိုက်လေသည်။ ဗြိတိန်သည် အဖိုးတန်နယ်မြေများဖြစ်သော အာဖရိကတိုက်တောင်ပိုင်းမှ ကိပ်ကိုလိုနီ၊ မော်လတာကျွန်းနှင့် အခြားကျွန်းငယ်အများအပြားကို ရရှိခဲ့ပါသည်။

၇။ ပြင်သစ်နှင့်စစ်ကြီးဖြစ်ပြီးနောက်တွင် ဗြိတိန်နိုင်ငံသည် အကြွေးများစွာတင်နေခဲ့သည်။ အထူးသဖြင့် ပြည်သူတို့မှာ များစွာဒုက္ခရောက်ခဲ့ရသည်။ ထိုအတောအတွင်း စစ်ထဲမှပြန်လာသော စစ်သားများသည် အလုပ်လက်မဲ့ဖြစ်ကာ ပို၍အခြေအနေကိုဆိုးစေပြန်၏။ ထို့ပြင် ဈေးနှုန်းများကျဆင်း၍ လယ်သမားများသည် သီးစားခများကိုပင် မပေးနိုင်အောင်ဖြစ်နေလေသည်။ ၁၈၂၀

ပြည့်နှစ်တွင် စတုတ္ထဝီလျံဘုရင်သည် နန်းတက်လာခဲ့သည်။ ထိုအခြေအနေတွင် လူလတ်တန်းစားများအား မဲဆန္ဒပေးခွင့်၊ အမတ်အဖြစ်အရွေးခံခွင့်နှင့် စက်မှုလုပ်ငန်းထွန်းကားရာမြို့များမှ ပါလီမန်သို့ ကိုယ်စားလှယ်များစေလွှတ်ခွင့်တို့ကိုပေးရန် ရည်ရွယ်သော ပြုပြင်ရေး ဥပဒေကြမ်းကို ပြင်ဆင်ခဲ့သည်။ ထိုဥပဒေကြမ်းကို ၁၈၃၂ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထိုအက်ဥပဒေသစ်အရ ပထမဆုံးဖွဲ့စည်းခဲ့သောပါလီမန်သည် နယ်သစ်များတွင် ငွေဝယ်ကျွန်စနစ်ကို ၁၈၃၃ ခုနှစ်၌ ပယ်ဖျက်နိုင်ခဲ့သည်။ ထို့ပြင် ဒေသန္တရအုပ်ချုပ်ရေးကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ပေးခဲ့သည်။ ဆင်းရဲသားနှင့် ကလေးအလုပ်သမားများ သက်သာချောင်ချိရေးအတွက် အက်ဥပဒေများကို ပြဋ္ဌာန်းပေးခဲ့သည်။

၈။ ၁၈၃၇ ခုနှစ်တွင် ဝိတိုရိယဘုရင်မ နန်းတက်ခဲ့သည်။ နန်းတက်ချိန်တွင် အသက် ၁၈ နှစ်အရွယ်မျှသာရှိသေးသည်။ အုပ်ချုပ်ရေးကို ပါလီမန်နှင့်ဝန်ကြီးများက ကြိုးကိုင်နေသည်ဟုဆိုရသော်လည်း ဝိတိုရိယဘုရင်မသည် အတော်ပင်ဝင်ရောက်စွက်ဖက်နိုင်ခဲ့သည်။ ဘုရင်မကြီး၏လက်ထက်တွင် အရေးပါသောပြဿနာတစ်ရပ်မှာ အိုင်ယာလန်ပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသင့်၊ မပေးသင့် ပြဿနာပင်ဖြစ်လေ၏။ ထိုပြဿနာမှာ ၁၈ ရာစုနှစ်နောက်ပိုင်းမှ ၁၉ ရာစုနှစ်အရှေ့ပိုင်းတိုင်အောင် ဗြိတိသျှနိုင်ငံပြု သုခမိန်ကြီးများအတွက် အငြင်းပွားဖွယ်ရာ အကြောင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။ ထိုစဉ်က ဝန်ကြီးချုပ်ဂလက်စတုန်းသည် အိုင်ယာလန်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးလိုသည်။ ထို့ကြောင့် ၁၈၈၆ ခုနှစ်တွင် အိုင်ယာလန်ကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေကြမ်းကို ပါလီမန်တွင် တင်သွင်းရာ ပါလီမန်က လက်မခံခဲ့ပေ။ ၁၈၉၃ ခုနှစ်တွင် ဒုတိယအကြိမ်တင်သွင်းပြန်သောအခါ၌လည်း ထပ်မံရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့် ဂလက်စတုန်း၏လစ်ဘရယ်ပါတီသည် အစိုးရအဖွဲ့မှာ နုတ်ထွက်ခဲ့ရာ ကွန်းဆားဗေးတစ်တို့က အစိုးရအဖွဲ့ဖွဲ့ကာ အုပ်ချုပ်ခဲ့ပြန်သည်။ ထိုကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေကို ပထမကမ္ဘာစစ်မတိုင်မီတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော်လည်း အိုင်ယာလန်သည် ၁၉၂၁ ခုနှစ်ကျမှသာ လွတ်လပ်သောတိုင်းပြည်ဖြစ်လာလေသည်။

၉။ ဗြိတိန်သည် ၁၉၁၄ ပထမကမ္ဘာစစ်တွင် ပါဝင်တိုက်ခိုက်ခဲ့ကာ စစ်အောင်နိုင်သူအဖြစ် ယခင်စစ်ရှုံးဂျာမနီနယ်များဖြစ်သော ပါလက်စတိုင်း၊ အီရတ်နှင့်အာဖရိကတိုက်ရှိနယ်မြေအများ အပြားအားရရှိလိုက်သည်။ စစ်နိုင်လိုက်သည့်အတွက် အကျိုးကျေးဇူးများခဲ့သော်လည်း ဗြိတိန်၏ နစ်နာဆုံးရှုံးချက်များသည်လည်း များပြားလှသည်။ စစ်ပွဲအတွင်း၌ လူခုနစ်သိန်းကျော် ကျဆုံးခဲ့၍ နှစ်သန်းကျော်ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။ သင်္ဘောတန်ချိန် ခုနစ်သန်းကျော်နစ်မြုပ် ဖျက်ဆီးခြင်းခံခဲ့ရသည်။ နိုင်ငံတော်၏အကြွေးမှာ လည်ပင်းခိုက်နေလေသည်။ လက်အောက်ခံ ကိုလိုနီနယ်များအရေးသည်လည်း ဆူပူလှုပ်ရှားမှုများရှိလာခဲ့သည်။ မက်ဒေါ်နယ်ခေါင်းဆောင် သော လေဘာပါတီသစ်သည် ၁၉၂၄ ခုနှစ်တွင် ၉ လမျှ အစိုးရအဖွဲ့ဖွဲ့ကာ အုပ်ချုပ်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် မက်ဒေါ်နယ်သည် ဝန်ကြီးချုပ်တစ်ဖန်ဖြစ်လာပြန်သည်။

၁၀။ ဗြိတိန်၏စီးပွားရေးအခြေအနေဆိုးရွားနေစဉ် ၁၉၂၉ ခုနှစ်၌ တစ်ကမ္ဘာလုံး၌ စီးပွားရေး ကပ်ကြီးဆိုက်ခဲ့ရာ တိုင်းပြည်၏အခြေအနေသည် ဆိုးသည်ထက်ဆိုးလာခဲ့သည်။ အစိုးရမှာ ဝင်ငွေထက်ထွက်ငွေက ပိုမိုများပြားခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ပြည်သူ ၄ ယောက်လျှင် ၁ ယောက်သည် အလုပ်လက်မဲ့ဖြစ်သည်။ ထိုသို့အခြေအနေဆိုးရွားလှသဖြင့် မက္ကဒေါ်နယ်သည် လေဘာဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့ရသည်။ ထို့နောက် လေဘာ၊ ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ်ပါတီဝင်များပါ ထည့်သွင်း၍ အမျိုးသားညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းကာ နိုင်ငံတော်၏အခြေအနေကို ပြုပြင်နိုင်ရန် ကြိုးစားခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် အခြေအနေ တိုးတက်လာခဲ့သည်။

၁၁။ ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသောအခါ မဟာမိတ်တပ်ပေါင်းစုနှင့်အတူ ဂျာမနီဦးဆောင်သော ဝင်ရိုးတန်းနိုင်ငံများကို တိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် အောင်မြင်ခဲ့ သော်လည်း စစ်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသဖြင့် စစ်ပြီးခေတ်အာဏာရ လေဘာပါတီအနေဖြင့် နိုင်ငံပြန်လည်ထူထောင်ရေးအတွက် ကြီးမားသောစိန်ခေါ်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့အပြင် ကိုလိုနီနိုင်ငံအများအပြားကိုလည်း လွတ်လပ်ရေးပေးလိုက်ရသည်။ ၁၉၅၁ ခုနှစ်တွင် ကွန်ဆာဗေးတစ်အစိုးရအာဏာရလာခဲ့ပြီး ဝင်စတန်ချာချီဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

## အစိုးရနှင့် နိုင်ငံရေး

၁၂။ ယူကေနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသော နိုင်ငံတစ်ခုဖြစ်သည်။ ဒုတိယမြောက် အဲလစ်ဇဘက်ဘုရင်မကြီးသည် နိုင်ငံ့အကြီးအကဲဖြစ်သည်။ ၎င်းသည် ယူကေနိုင်ငံ၏ နိုင်ငံ့အကြီးအကဲသာမက အခြားဓနသဟာယအဖွဲ့ဝင် ၁၅ နိုင်ငံ၏ နိုင်ငံ့အကြီးအကဲလည်း ဖြစ်သည်။ ယူကေနိုင်ငံတွင် ရေးသားပြဋ္ဌာန်းထားသော ဥပဒေများကိုသာ အခြေခံဥပဒေကဲ့သို့ ကျင့်သုံးသည်။ ထိုစနစ်အား Arts of Parliament ဟုသတ်မှတ်ထားပါသည်။ ဝန်ကြီးချုပ်မှာ အစိုးရအဖွဲ့အကြီးအကဲဖြစ်ပြီး လက်ရှိဝန်ကြီးချုပ်မှာ ထရီဇာမေ ဖြစ်သည်။

၁၃။ ယူကေပါလီမန် (ဗြိတိသျှပါလီမန်၊ ဝက်စ်မင်စတာပါလီမန် သို့မဟုတ် အင်ပါယာပါလီမန် ဟု လူသိများသည်။) သည် ယူကေနှင့် ဗြိတိသျှပင်လယ်ရပ်ခြားနယ်မြေများ၏ အာဏာအမြင့်ဆုံး ဥပဒေပြုရေးအစိတ်အပိုင်းဖြစ်သည်။ ပါလီမန်၏ အကြီးအကဲမှာ ယူကေဘုရင်ဖြစ်သည်။ လက်ရှိအကြီးအကဲမှာ အယ်လီဇဘက်ဘုရင်မ ဖြစ်သည်။

၁၄။ ယူကေပါလီမန်တွင် the House of Lords ဟုခေါ်သည့် အထက်လွှတ်တော်နှင့် the House of Commons ဟုခေါ်သည့် အောက်လွှတ်တော်တို့ပါဝင်သည်။ အထက်လွှတ်တော်အမတ်များမှာ ဘာသာရေးခေါင်းဆောင်များ (အင်္ဂလန် ခရစ်ယာန်အသင်းတော်ကြီး၏ ဝါရင့်ဘုန်းတော်ကြီးများ)နှင့် မင်းမျိုးမင်းနွယ်များ ဖြစ်ကြသည်။ အထက်လွှတ်တော်အမတ်များကို ဝန်ကြီးချုပ်မှ အမည်တင်သွင်းပြီး ဘုရင် သို့မဟုတ် ဘုရင်မမှ ခန့်အပ်သည်။ အောက်လွှတ်တော်အမတ်များမှာမူ ၅ နှစ် ၁ ကြိမ် လူထုမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ဝန်ကြီးချုပ်အပါအဝင် အစိုးရဝန်ကြီးများသည် အောက်လွှတ်တော်အမတ်များဖြစ်ကြသည်။

၁၅။ ယူကေပါလီမန်ကို အင်္ဂလန်ပါလီမန်နှင့် စကော့တလန်ပါလီမန်တို့ သီးခြားအတည်ပြုခဲ့သည့် ပေါင်းစည်းရေးစာချုပ်အရ ၁၇၀၇ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ လက်တွေ့တွင် ယင်းပါလီမန်သည် အင်္ဂလန်ပါလီမန်ကိုအခြေခံပြီး စကော့တလန်အမတ်များ ဖြည့်တင်းထားခဲ့ခြင်းဖြစ်သည်။ ၁၈၀၀ ပြည့်နှစ်တွင် ယူကေပါလီမန်နှင့် အိုင်ယာလန်ပါလီမန်တို့ အတည်ပြုပေးခဲ့သည့် ပေါင်းစည်းရေးအက်ဥပဒေအရ ထပ်မံတိုးချဲ့ခဲ့သည်။ အိုင်ယာလန်ပါလီမန်ကို

ဖျက်သိမ်းလိုက်ပြီး အောက်လွှတ်တော်တွင် အိုင်ယာလန်အမတ် ၁၀၀ ဦးနှင့် အထက်လွှတ်တော်တွင် ၃၂ ဦးတိုးမြှင့်ကာ ယူကေပါလီမန်ဖြစ်လာပါသည်။ ယူကေပါလီမန်သည်လည်း အင်္ဂလိပ်စကားပြောသည့်နိုင်ငံများအကြား အမတ်ဦးရေအများဆုံး ဥပဒေပြုအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ ဘုရင်မသည် ဝန်ကြီးချုပ်၏အကြံပြုချက်အတိုင်းသာ လုပ်ဆောင်ရပြီး အထက်လွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာမှာ အကန့်အသတ်ရှိသည်။

၁၆။ အောက်လွှတ်တော် House of Commons အား မဲဆန္ဒနယ်အလိုက် တိုက်ရိုက်ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ် ၆၅၀ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ လက်ရှိအချိန်တွင် ကွန်ဆာဗေးတစ်ပါတီမှ အမတ်ဦးရေ ၃၃၀ ဦးဖြင့် အများဆုံးဖြစ်ပြီး လေဘာပါတီမှာ ၂၂၉ ဦးဖြင့် ဒုတိယအများဆုံးဖြစ်ပါသည်။ လွှတ်တော်တွင်း ပါတီအလိုက် နေရာရရှိမှုအနေအထားမှာလည်း အရေးကြီးပါသည်။ ဝန်ကြီးချုပ်သည် လွှတ်တော်၏ထောက်ခံမှုကိုရရှိရန် လိုအပ်ပါသည်။ ဝန်ကြီးချုပ်ရာထူးခန့်ထားရာတွင် လွှတ်တော်အမတ်အများစုမှ ထောက်ခံသူကိုသာ ခန့်ထားပါသည်။ အများအားဖြင့် လွှတ်တော်တွင်း နေရာအများဆုံးရယူထားသည့် ပါတီ၏ အကြီးအကဲများသာ ဝန်ကြီးချုပ်ဖြစ်လာလေ့ရှိပြီး ဒုတိယအမတ်နေရာ အများဆုံးရယူထားသော ပါတီအကြီးအကဲသည် အတိုက်အခံခေါင်းဆောင်ဖြစ်လာပါသည်။

၁၇။ အောက်လွှတ်တော်သည် အစိုးရအားအယုံအကြည်မရှိကြောင်း အဆိုတင်သွင်းနိုင်ကာ အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းခံရသည့် အစိုးရအဖွဲ့ဝန်ကြီးချုပ်သည် မဖြစ်မနေ နုတ်ထွက်ရသည့်အခြေအနေသို့ ရောက်ရှိမည်ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် လွှတ်တော်က အဆိုပြုသည့် အမတ်တစ်ဦးကို ခန့်ထားခြင်းသော်လည်းကောင်း၊ ဘုရင်ထံလျှောက်ထား၍ လွှတ်တော်ကို ဖျက်သိမ်းကာ အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပခြင်းကိုသော်လည်းကောင်း ဆောင်ရွက်နိုင်သည်။



ပါလီမန်ရုံးစိုက်ရာ ဝက်စ်မင်စတာနန်းတော်

## လွှတ်တော်ဥက္ကဋ္ဌ၏ အခန်းကဏ္ဍ

၁၈။ အောက်လွှတ်တော်၏ ဥက္ကဋ္ဌသည် လွှတ်တော်တွင် လုပ်ပိုင်ခွင့်အကြီးမားဆုံးပုဂ္ဂိုလ် ဖြစ်ပြီး နိုင်ငံရေးအရ ဘက်မလိုက်ဘဲ သမာသမတ်ကျမှုကို အလေးထားရပါသည်။ ဘုရင်မအား တိုက်ရိုက်တာဝန်ခံရသော ပုဂ္ဂိုလ်လည်းဖြစ်ပါသည်။ လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း၊ အစည်းအဝေးအတွင်း ကိုယ်စားလှယ်များ၏ ဆွေးနွေးပြောဆိုမှုများကို ထိန်းညှိပေးခြင်းစသည်တို့အတွက် တာဝန်ယူဆောင်ရွက်ရပါသည်။ လွှတ်တော်ဥက္ကဋ္ဌရွေးချယ်ရာတွင် လွှတ်တော်တွင်း လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ပါသည်။

၁၉။ လွှတ်တော်ဥက္ကဋ္ဌတစ်ဦးသည် နိုင်ငံရေးအရ သမာသမတ်ကျကာ ဘက်မလိုက်ရေးကို အလေးပေးရပါသည်။ ၎င်းသည် တာဝန်စတင်ထမ်းဆောင်သည့်အချိန်တွင် ၎င်း၏ပါတီမှ နုတ်ထွက်ရပါသည်။ သို့ရာတွင် ၎င်းအနိုင်ရလာသည့် မဲဆန္ဒနယ်နှင့်ပတ်သက်သည့် အရေးကိစ္စများတွင်မူ သာမန်ကိုယ်စားလှယ်များနည်းတူ ဆွေးနွေးမဲပေးပိုင်ခွင့်ရှိပါသည်။ ဥက္ကဋ္ဌများသည် အထွေထွေရွေးကောက်ပွဲကာလများတွင်လည်း လွှတ်တော်ဥက္ကဋ္ဌတစ်ဦးအနေဖြင့် ရှိဆဲဖြစ်ပါသည်။ အများအားဖြင့် ရွေးကောက်ပွဲတွင် အင်အားကြီးပါတီကြီးများသည် လွှတ်တော်ဥက္ကဋ္ဌ၏ မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဘဲ လက်ရှောင်ပေးလေ့ရှိပါသည်။

## စီးပွားရေး

၂၀။ ယူကေ၏စီးပွားရေးစနစ်သည် တည်ငြိမ်သော ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပါသည်။ ယူကေစတော့အိပ်ချ်ချိန်းဈေးကွက်သည် ကမ္ဘာ့အဆင့် ၅ ဖြစ်ကာ ဥရောပတွင် ဂျာမနီပြီးနောက် ဒုတိယမြောက်အကြီးမားဆုံး ဈေးကွက်ဖြစ်ပါသည်။ ယူကေ၏ဗဟိုဘဏ်ဖြစ်သော အင်္ဂလန်ဘဏ်သည် ၎င်းတို့၏ငွေကြေးစနစ်ဖြစ်သော စတာလင်ပေါင်လည်ပတ်မှုအား ထိန်းချုပ်ထားပါသည်။

၂၁။ မော်တော်ကားထုတ်လုပ်မှုကဏ္ဍသည် တိုင်းပြည်၏ကြီးမားသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကာ လုပ်သားဦးရေ ၈ သိန်းကျော်အထိ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်ပါသည်။ မော်တော်ကားထုတ်လုပ်မှုမှ နှစ်စဉ် စတာလင်ပေါင် ၅၂ ဘီလီယံခန့် အမြတ်ငွေရရှိလျက်ရှိကာ ပြည်ပသို့မော်တော်ကားတင်ပို့မှုမှ စတာလင်ပေါင် ၂၅ ဘီလီယံကျော် ရရှိလျက်ရှိသည်။ ၂၀၀၈ ခုနှစ်တွင် လူစီးကား ၁.၄၅ သန်းခန့်နှင့် အခြားစီးပွားရေးသုံးယာဉ်ပေါင်း ၂၀၃,၀၀၀ စီးအထိ ထုတ်လုပ်ခဲ့သည်။ မော်တော်ကားအင်ဂျင် ၃.၁၆ သန်းအထိ ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချခဲ့ပါသည်။

၂၂။ အခြားလုပ်ငန်းမှာ လေကြောင်းဆိုင်ရာစက်မှုလုပ်ငန်းဖြစ်ကာ ကမ္ဘာ့တတိယမြောက် လေကြောင်းဆိုင်ရာစက်ပစ္စည်းအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ပါသည်။ နာမည်ကျော် အဲလတ်စ်လေယာဉ်အစိတ်အပိုင်းများ၊ ဘိုးရင်းလေယာဉ်အစိတ်အပိုင်းများ၊ စစ်ဘက်နှင့် အရပ်ဘက်သုံး လေယာဉ်/ရဟတ်ယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်တပ်ဆင်မှုမှ နှစ်စဉ်ဝင်ငွေ စတာလင်ပေါင် ၂၅ ဘီလီယံခန့်ရရှိလျက်ရှိသည်။

၂၃။ ယူကေနိုင်ငံတွင် လူလတ်တန်းစားရာခိုင်နှုန်းမှာ ၆၀ ရာခိုင်နှုန်းဖြစ်ပြီး ဆင်းရဲမွဲတေမှုနှုန်းမှာ ၂၂ ရာခိုင်နှုန်းဖြစ်သည်။ ယူကေနိုင်ငံ၏ ပြည်ပကြွေးမြီမှာ အမေရိကန်ဒေါ်လာ ၉.၆ ထရီလီယံဖြစ်ကာ ကမ္ဘာ့ဒုတိယအများဆုံးပမာဏဖြစ်သည်။ ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ၂.၇ ထရီလီယံဖြစ်ပြီး တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၁,၁၅၉ ဖြစ်သည်။

## ဖြိတိန်နိုင်ငံ၏ စီးပွားရေးဆိုင်ရာအချက်အလက်များ

၂၄။ ဗြိတိန်နိုင်ငံ ကုန်သွယ်မှုအဖွဲ့များမှာ European Union, OECD, AIIB,World Trade Organization တို့ဖြစ်ကြပါသည်။ ၂၀၁၈ ခုနှစ် ဗြိတိန်နိုင်ငံ၏ GDP မှာ ၂.၈၁ ထရီလီယံ ဒေါ်လာဖြစ်ပါသည်။ GDP per capita မှာ ၄၄,၁၇၇ ဒေါ်လာဖြစ်ပြီး ကဏ္ဍအလိုက် GDP အရ စိုက်ပျိုးရေးကဏ္ဍတွင် ၀.၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၁၉.၂ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ကဏ္ဍတွင် ၈၀.၂ ရာခိုင်နှုန်းတို့ဖြစ်ကြပါသည်။ အလုပ်အကိုင်ရရှိမှုအနေဖြင့်လည်း ၃၂.၄ မီလီယံနှင့် အလုပ်အကိုင်ရရှိမှုရာခိုင်နှုန်းအနေဖြင့် ၇၆ ရာခိုင်နှုန်းဖြစ်ကြပါသည်။ အလုပ်အကိုင်အမျိုးအစား များအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ၁.၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၁၈.၈ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၇၉.၇ ရာခိုင်နှုန်းအသီးသီးရှိကြပါသည်။ ပျမ်းမျှလစာအနေဖြင့် တစ်ပတ် လျှင် ၅၂၇ ပေါင်ရရှိပါသည်။ အဓိကပို့ကုန်ပစ္စည်းများအနေဖြင့် စက်မှုထုတ်ကုန်ပစ္စည်းများ၊ လောင်စာနှင့် ဓာတုပစ္စည်းများ၊ အစားအစာ၊ အဖျော်ယမကာနှင့် ဆေးရွက်ကြီးတို့ကို အမေရိကန် နိုင်ငံသို့ ၁၄.၆ ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံသို့ ၁၀.၁ ရာခိုင်နှုန်း၊ ဆွဇ်ဇာလန်နိုင်ငံသို့ ၇ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံသို့ ၆ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံသို့ ၅.၉ ရာခိုင်နှုန်း၊ နယ်သာလန်နိုင်ငံသို့ ၅.၈ ရာခိုင်နှုန်းနှင့် အိုင်ယာလန်နိုင်ငံသို့ ၅.၅ ရာခိုင်နှုန်း အသီးသီးတင်ပို့လျက်ရှိပါသည်။ သွင်းကုန် ပစ္စည်းများအနေဖြင့် စက်မှုထုတ်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ လောင်စာ၊ စားသောက်ကုန် ပစ္စည်းများကို အမေရိကန်နိုင်ငံမှ ၉.၂ ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံမှ ၁၄.၈ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံမှ ၉.၈ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံမှ ၅.၈ ရာခိုင်နှုန်း၊ နယ်သာလန်နိုင်ငံမှ ၇.၅ ရာခိုင်နှုန်းနှင့် ဘယ်လ်ဂျီယံနိုင်ငံမှ ၅ ရာခိုင်နှုန်း တင်သွင်းလျက်ရှိပါသည်။

## လူဦးရေနှင့် လူမှုရေး

၂၅။ ယူကေနိုင်ငံတွင် ဆယ်နှစ်လျှင် တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူမှု ဆောင်ရွက် ပါသည်။ ၂၀၁၁ ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့သောစာရင်းအရ လူဦးရေမှာ ၆၃ သန်း ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ၆၅ သန်းကျော် ခန့်မှန်းရရှိထားပါသည်။ ဥရောပသမဂ္ဂနိုင်ငံများတွင် တတိယမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ လူဦးရေ သိပ်သည်းဆသည် ၁ စတုရန်း ကီလိုမီတာတွင် လူဦးရေ ၇၀၁ ဦးဖြစ်ပါသည်။ အင်္ဂလန်၏လူဦးရေမှာ ၅၃.၀၁ သန်းဖြစ်ပြီး၊

စကော့တလန်မှာ ၅.၃ သန်း၊ ဝေးလ်စ်သည် ၃.၁ သန်းခန့်နှင့် မြောက်အိုင်ယာလန်သည် ၁.၈ သန်းဖြစ်သည်။ မြို့တော်လန်ဒန်မှာ လူဦးရေအထူထပ်ဆုံးဖြစ်ကာ လူဦးရေ ၉ သန်းကျော် နေထိုင်လျက်ရှိသည်။

**ဗြိတိန်နိုင်ငံ၏ မျက်မှောက်နိုင်ငံရေးအခြေအနေ**

၂၆။ ဗြိတိန်နိုင်ငံသည် EU မှ နှုတ်ထွက်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းမှုများပြုလုပ်လျက်ရှိပါသည်။ (၂၃.၆.၂၀၁၆) ရက်နေ့တွင် EU မှ နှုတ်ထွက်ရေးအတွက် ဆန္ဒခံယူခဲ့ရာ စုစုပေါင်းဆန္ဒမဲလာရောက်ပေးသူ သန်း(၃၀) တွင် ၅၂% သည် နှုတ်ထွက်ရန်ဆန္ဒမဲပေးခဲ့ပြီး ၄၈% သည် EU တွင် ဆက်လက်ပါဝင်ရန် ထောက်ခံဆန္ဒမဲပေးခဲ့ကြပါသည်။ ဗြိတိန်အနေဖြင့် EU မှ နှုတ်ထွက်ရသည့်အကြောင်းအရင်းများစွာရှိသည့်အနက်မှ အဓိကအကြောင်းအရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) EU ၏ စီးပွားရေးသည် ဗြိတိန်နိုင်ငံအား အထောက်အကူမပြုခြင်း၊

(ခ) ဗြိတိန်မှအကြံပြုထားသော ဥပဒေအများအပြားအား ကျန် EU အဖွဲ့ဝင်နိုင်ငံများက လက်သင့်မခံခြင်း၊

(ဂ) ဗြိတိန်နိုင်ငံသည် EU ရန်ပုံငွေအတွက် နှစ်စဉ် ပေါင်(၇၅) သန်း ထည့်ဝင်နေရသော်လည်း ဗြိတိန်ပြည်သူများအတွက် ထိရောက်သည့်အကျိုးရလဒ် မခံစားရခြင်း၊

(ဃ) ဗြိတိန်မှတင်ပြခဲ့သော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေများကို EU မှ လျစ်လျူရှုခဲ့ပြီး လူ့အခွင့်အရေးအကြောင်းပြချက်ဖြင့် တူရကီနိုင်ငံဘက်မှ လှိုင်းလုံးပမာပြုဆင်းဝင်ရောက်လာသော မွတ်ဆလင်ဒုက္ခသည် သန်းပေါင်းများစွာကို EU ခွဲတမ်းအရ ဗြိတိန်နိုင်ငံမှလက်သင့်ခံရခြင်း၊

(င) လွန်ခဲ့သည့် (၁၀) နှစ်အတွင်း ဝင်ရောက်လာခဲ့သည့် မွတ်ဆလင်ဒုက္ခသည်များ ဖန်တီးထားသည့် ပြဿနာပေါင်းစုံကို ဆက်လက်သည်းခံမဖြေရှင်းနိုင်တော့သဖြင့် EU တွင်ဆက်လက်ပါဝင်နေမည်ဆိုပါက မွတ်ဆလင်ဒုက္ခသည်ခွဲတမ်းများကို ဆက်လက်တာဝန်ယူနေရမည်ဖြစ်ပြီး ကျွန်းနိုင်ငံတစ်ခုလုံး ပျောက်ကွယ်သွားမည်ကို စိုးရိမ်ပူပန်မှုများ ကြီးထွားလာနေရခြင်းတို့ကြောင့်ဖြစ်ပါသည်။

# Sir Jeffrey Jowell QC ၏ ကိုယ်ရေးအကျဉ်း



Sir Jeffrey Jowell QC သည် ဗြိတိန်နိုင်ငံ၏ ဩဇာတိက္ကမအကြီးမားဆုံးဖြစ်သော ရှေ့နေအယောက် (၁၀၀) စာရင်းတွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ ၎င်းသည် အများပြည်သူဆိုင်ရာဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အုပ်ချုပ်မှုဆိုင်ရာဥပဒေတို့နှင့်ပတ်သက်၍ ထင်ရှားကျော်ကြားရုံသာမက တရားရေးသုံးသပ်ချက်၊ လူ့အခွင့်အရေးကိစ္စနှင့် အခြားသောကဏ္ဍများ အပါအဝင် နိုင်ငံတကာဥပဒေရေးရာကိစ္စများတွင်လည်း ထဲထဲဝင်ဝင်ဆောင်ရွက်နေသူဖြစ်ပါသည်။ Sir Jeffrey သည် ၂၀၀၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ဥရောပကော်မရှင်၏ ဥပဒေရေးရာကောင်စီအဖွဲ့ဝင်တစ်ဦးအဖြစ်လည်း ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။

Sir Jeffrey သည် UCL, Hertford College Oxford နှင့် Cape Town၊ Athens နှင့် Paris တက္ကသိုလ်တို့မှ ဘွဲ့များ၊ ဆုများစွာရရှိထားသူဖြစ်ပြီး ၎င်းတက္ကသိုလ်တို့၏ ဂုဏ်ထူးဆောင်ပါမောက္ခတစ်ဦးလည်းဖြစ်သည်။ ထို့အပြင် လန်ဒန်တက္ကသိုလ်၌ အများပြည်သူဆိုင်ရာဥပဒေ၏ ဘာသာရပ်ဆိုင်ရာ အငြိမ်းစားပါမောက္ခတစ်ဦးလည်းဖြစ်ပါသည်။ ၎င်းသည် ဗြိတိန်နိုင်ငံနှင့် ပတ်သက်ဆက်ဆိုင်သော နိုင်ငံများအကြား ဆက်ဆံရေးကိစ္စရပ်များ၊ ခုံသမာဓိဆိုင်ရာကိစ္စရပ်များ၊ ဓနသဟာယနိုင်ငံများနှင့်ပတ်သက်သော တရားရုံးအရေးကိစ္စရပ်များတွင်ပါဝင်ဆောင်ရွက်နေသူ ဖြစ်သည့်အပြင် ဗြိတိန်နိုင်ငံတရားလွှတ်တော်ချုပ်နှင့် အတိုင်ပင်ခံကောင်စီအဖွဲ့ဝင်အဖြစ်လည်းဆောင်ရွက်နေသူဖြစ်ပါသည်။

## မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H. E. Mr. Daniel Patrick Chugg ၏ကိုယ်ရေးအကျဉ်း



H. E. Mr. Daniel Patrick Chugg သည် ၂၀၁၈ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်အဖြစ် စတင်တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၁၉၉၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာ ဌာနရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယင်းနောက် ၂၀၁၅ခုနှစ်အထိ ဗြိတိန်နိုင်ငံခြားရေး နှင့် ဓနသဟာရရေးရာရုံးနှင့် ဟောင်ကောင်မြို့ရှိ ဗြိတိန်ကောင်စစ်ဝန်ချုပ်ရုံး၊ နယူးဒေလီမြို့နှင့် ပေကျင်းမြို့တို့ရှိ ဗြိတိန်သံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် လက်ရှိဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆိုင်ရာ ဆက်သွယ်ရေးဌာနအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး ၂ယောက်ရှိပါသည်။